# ဖိုးနှစ်

နှင်းဝေငြိမ်း



FXB

(ထက်ခေါင်၏ အမှာ)

ငယ်စဉ်က ဖတ်မှတ်သင်ကြားဖူးသော INVINCTUS (အနိုင်မခံ) ဆိုသည့် အင်္ဂလာကဗျာမှ စာပိုဒ်အချို့က ဖတ်မှတ်ဖူးချိန်ကတည်းကစ၍ ကျွန်တော့်ရင်ဝယ် အတော်ပင် ကြီးစိုးနေရာယူခဲ့သည်။ ဤသည်တို့အနက် ဆရာညိုမြ ဘာသာပြန်ထားသည့် `လောကဓံ၏ ရိုက်ပုတ်ခြင်း ဒဏ်ချက်ကြောင့် ငါ၏ ဦးခေါင်းသည် သွေးသံတို့ဖြင့် ချင်းချင်းနီ၏ ။ သို့သော် ညွတ်ကားမညွတ်�� ဆိုသော စာသားများကိုမူ ဘဝ၏ အားမာန်များအဖြစ် ပြောင်းလဲခံယူ ကျင့်သုံးနိုင်ခဲ့သည်။ ကျွန်တော်သာ မဟုတ်ပါ။ ထိုစကားကို ဗိုလ်ချုပ်အောင်ဆန်းကလည်း အလွန်ပင် နှစ်ချိုက်သဘောကျခဲ့သည်ဟု သိရသဖြင့် ကြံဖန်ဂုဏ်ယူရပါသေးသည်။

အသက်အရွယ်နှင့် အတွေ့အကြုံ အထိုက်အလျောက် ရင့်ကျက်လာသည့်အချိန်တွင်မူ ထိုကဗျာကို ပြန်ဖတ်မိသည့်အခါ ထိုစာသား၏ အဓိပ္ပါယ်မှာ အနည်းငယ် ပေ့ါသွားသယောင် ခံစားရသည် ထင်မိသည်။ စာမကောင်း၍ မဟုတ်ပါ။ ကျွန်တော်၏ ဇီဇာကြောင့်လှစွာသော အတွေးက ဘဝင်မကျခြင်းသာ ဖြစ်လေသည်။ လောကဓံ၏ ရိုက်ပုတ်မှုဒဏ်ကို ခေါင်းမငုံ့ ဦးမညွတ်ဘဲ တောင့်ခံထားနိုင်ရုံမျှဖြင့် ဂုဏ်ယူဖွယ် မဟုတ်သေး။ အားကျ အတုယူဖွယ်လည်း မဖြစ်သေး။ ကိုယ့်အပေါ် တိုက်ခိုက်လာသည့် အနိုလောကဓံကို စိစိညက်ညက်ဖြစ်သွားအောင် တွန်းထုတ်တိုက်ဖျက်လျက် ပြုံးပြုံးကြီး ပြန်လည်အနိုင်ယူနိုင်အောင် စွမ်းဆောင်နိုင်စွမ်းရှိမှ အတုယူ လေးစားဖွယ်၊ အားကျဂုဏ်ယူဖွယ် ဖြစ်မည်ဟု ကျွန်တော် ပြောင်းလဲခံစားမိပြီး ဆောင်းပါးတစ်ပုဒ် ရေးဖြစ်မိပါ၏ ။

တိုက်ဆိုင်လှစွာပင် ဆောင်းပါးရေးပြီး နောက်တစ်နေ့၌ FXB မှ Country Director ဒေါ်ကေသီရှိန်နှင့် တွေ့ဆုံရသည်။ တွေ့သည်နှင့် ဒေါ်ကေသီရှိန်က ကျွန်တော့်အား ဆရာမ နှင်းဝေငြိမ်း ရေးသားသည့် ဖီးနစ်ဆိုသော စာအုပ်တစ်အုပ်ကို ပေးရင်း သူတို့အဖွဲ့က ဧရာဝတီ ဘက်တွင် ဆောင်ရွက်နေသည့်

စီမံကိန်းများ အကြောင်း၊ တွေ့ကြုံရသော အခက်အခဲများအပေါ် ဖြတ်သန်းကျော်လွှားရပုံများ၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေနှင့် အောင်မြင်မှုရလာဒ်များ အကြောင်း အားရပါးရ ပြောကြားပါ၏။ အကယ်ပင် ထိုဖီးနစ်ကဲ့သို့သော ပြာပုံမှ လူးလွန့်ထွက်လာ သည့် လေးစားအားကျဖွယ် လူသားများသည် မျက်မှောက်ခေတ် မိမိတို့ ရေမြေ၌ ရှိနေပါသလား။

ဖီးနစ်ဆိုသော ငှက်ကား ရှေးအီဂျစ်တို့၏ ရှေးဟောင်းဂန္ထဝင် ဒဏ္ဍာရီပုံပြင်လာ မီးငှက်တစ်မျိုးဖြစ်လေသည်။ ဒဏ္ဍာရီအရ ထိုငှက်သည် လင်းယုန်ငှက်အရွယ်မျှ ကြီးမားပြီး တောက်ပသော ကြက်သွေးရောင်နှင့် ရွှေရောင်အမွေးအတောင်များရှိ၍ အာရေဗျသဲကန္တာရထဲတွင် နှစ်ပေါင်းရာချီ ရှင်သန်နေထိုင်သည်။ ထို့နောက် မီးလောင်၍ ခန္ဓာချုပ်ငြိမ်းပြီးနောက် ကြွင်းကျန်သည်ပြာပုံထဲမှ အသစ်တဖန် ခန္ဓာအသစ် အသက်အသစ်ဖြင့် ပြန်လည် ရှင်သန် ပေါက်ဖွားသည်ဟု ဆိုပါ၏။ မရဏကို ကျော်လွှားနိုင်စွမ်းရှိသော အံ့ချီးဖွယ် ထိုငှက်ငယ်ကဲ့သို့ပင် ဧရာဝတီသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို သေကြေထိခိုက် ပျက်စီးမှုပေါင်း များစွာ ဖြစ်ပေါ်စေခဲ့သည့် နာဂစ်မုန်တိုင်းကြီးအကြားမှ အလံမလဲဘဲ စိတ်သစ်လူသစ်ဘဝသစ်ဖြင့် လူးလဲထလာကြသည့် လူသားတစ်စုအကြောင်းက ကျွန်တော့်ရင်ကို လှိုင်းခတ် ထိခိုက်ပြီး စူးစူးနစ်နစ် ခံစားရမှု ဖြစ်ပေါ်စေသည်။

သူတို့၏ အားမာန်များ၊ သူတို့၏ တောက်ပသည့် အနာဂတ် မျှော်လင့်ချက်များ၊ သူတို့၏ အောင်လံမလဲစိတ်ဓာတ် ခွန်အားများ၊ မဆုတ်မနစ် သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်းအားထုတ် မှုများကြောင့် ၎င်းတို့ဘဝအား ရန့်ရင်းကြမ်းတမ်းရက်စက်စွာ ချေဖျက်ခဲ့သည့် နာဂစ်အတိတ် တစ္ဆေအား လှိုင်းကြီးလှေအောက် အဆိုအတိုင်း အောင်ပွဲဖြင့် ကျော်လွှားနိုင်ခဲ့ကြောင်း သက်သေထူခဲ့ကြပါ၏။ ပိုမို၍ ထူးခြားသည်မှာ ဤသို့ ကြမ်းပေ့ရမ်းဇ့ လောကဓံတရားကို အပြုံးဖြင့် တုန့်ပြန်၍ အောင်ပွဲဆင်ကာ ရယ်ပွဲဖွဲ့နိုင်စွမ်းသော

အနီလူသားများမှာ အားနွဲ့သည်ဟု ကျွန်တော်တို့ ထင်ထားခဲ့ကြသည့် မိန်းမသားများ ဖြစ်နေခြင်းပေးတည်း။

ဒေါ်ကေသီရှိန်တို့ FXB က ဆောင်ရွက်ခဲ့သည့် စီမံကိန်းတွင် ရေရှည်မျှော်မှန်းချက်အဖြစ် ဒုက္ခသည်များအား ၎င်းတို့ကို အကူအညီ ပေးမည့်သူများ၏ ပေးစာကမ်းစာအား အားကိုးမှီခိုလိုစိတ်ဖြင့် မျှော်တလင့်လင့် စောင့်စားနေကြသည့် သူတောင်းစားစိတ်ဓာတ်မျိုး မဖြစ် စေရန်နှင့် ၎င်းတို့ကို အထောက်အပံ့အဖြစ် ပေးသည့်ငွေကို စနစ်တကျ မှန်မှန်ကန်ကန် တန်ဖိုး ရှိစွာ အသုံးချ၍ မည်သည့်အာမခံချက်မျှ ပေးမထားရသော်လည်း အချိန်ကန့်သတ်ချက် တွင်း သစ္စာရှိရှိ ကတိတည်တည် ပြန်လည်ပေးဆပ်လျက် ကိုယ့်ဘဝကိုယ်ထူမတ်အောင် ကိုယ့်အား ကိုယ်ကိုး ဆောင်ရွက်လိုစိတ်၊ ချေးငွေကို ပြန်ဆပ်ပြီး ကျန်ဘဝတူများကိုပါ ဝိုင်းဝန်း ကယ်တင် သွားမည်ဆိုသည့် ကျဉ်းမြောင်းသော အတ္တနယ်မှ ရုန်းထွက်ဖြစ်ပေါ်လာသော ပရဟိတစိတ်၊ အရာအားလုံးကို ရဲရဲရင့်ရင့် ရင်ဆိုင်ပြီး ကိုယ့်ဘဝကိုယ် ပဲ့ပြင်နိုင်သည့် စိတ်စသည့် သခင်စိတ်မျိုး ရိုက်သွင်းပေးခြင်းမှာ အလွန်ထိရောက်သော စိတ်ပိုင်းဆိုင်ရာ ပျိုးထောင် ပေးမှုဖြစ်ကြောင်း တွေ့ရပေသည်။ လောကဓံကို ကြံ့ကြံ့ခိုင်ခိုင် မိခင်စိတ်ဟူသော ကြီးမားသည့် သတ္တိစွမ်းအားသည် အားနွဲ့သူမိန်းမသားတို့၏ ရင်တွင်း၌ ကျောက်စိုင်ကျောက်တောင်တမျှ ထုထည်ကြီးမားခိုင်မာစွာ တည်ရှိနေခြင်းကို သာမန်လူတို့ သတိမပြုမိနိုင်ခဲ့။ ဤစိတ်ဓာတ်ကား ရေမြုပ်နေသော ရေခဲတောင်ကြီးနှင့် ပမာတူသည်။ လူတို့က ရေပေါ်၌ ပေါ်နေသည့် အစိတ်အပိုင်းသာကြည့်လျက် မိန်းမသားတို့ကို အားနွဲ့သူဟု သတ်မှတ်နေကြခြင်း ဖြစ်သည်။ အမှန်တော့ မိခင်စိတ်ဆိုသည်မှာ အကြင်နာတရား၊ မေတ္တာတရား၊ ကိုယ်ချင်းစာတရားများနှင့် လောကပါလတရားတို့ကိုသာ မွေးဖွားပေးသည်မဟုတ်။ လောကကို ရင်ဆိုင်ရဲသော သတ္တိ၊ အခက်အခဲကို ကျော်လွှားနိုင်သော စွမ်းအား၊ လောကဓံကို ထီမထင်သော စိတ်ဓာတ်ခွန်အားများ ကိုပါ ပေးနိုင်စွမ်းပါ၏ ။

ဤသို့လျှင် နစ်မြုနေသော ရေခဲတုံး အစိတ်အပိုင်း သဖွယ် မိန်းမသားတို့ ပိုင်ဆိုင်ထားသည့် မိခင်စိတ်ကို ဒေါ်ကေသီရှိန်တို့ FXB အဖွဲ့က မိန်းမချင်းအသိစိတ်ဖြင့် အမိအရ ဆွဲကိုင်ထုတ်ယူ အသုံးပြုခဲ့ခြင်း ဖြစ်လေသည်။ ထို့ကြောင့် နာဂစ်ချေမှုန်းမှုအောက် ဘဝပျက်လမ်းပျောက်၊ ဒုက္ခရောက်နေရသော အမျိုးသမီးတို့သည် စားစရာမရှိ၊ နေစရာမရှိ၊ မှီခိုရာနတ္ထိ၊ အားကိုးဖွယ် ဘယ်မသိဘဝမှ ကိုယ့်ဘဝကိုယ်ကျောင်း၍ ရှေ့ခရီးကို ရင်ကော့လျှောက်ရန် အင်အားများဖြင့် ရုန်းကန်တက်ကြွလျက် အိုးပိုင်အိမ်ပိုင် လုပ်ငန်းရှင်ငယ်များ ဘဝသို့ နိုးထရှင်သန်လာခဲ့ကြခြင်း ဖြစ်ပါ၏ ။ ဤသည်ပင်လျှင် မြန်မာ့ခေတ်သစ် ဖိုးနစ်ငှက်ငယ်တို့၏ ဘဝဖြစ်လေသည်။

ယခုတော့ ဆိုးဝါးကြမ်းတမ်းလှပါသည်ဆိုသော နာဂစ်မုန်တိုင်းကြီးသည်ပင်လျှင် ဧရာဝတီ၏ သမီးပျိုများအဖို့ ၎င်းတို့၏ ဘဝသစ်ဖြစ်ပေါ်လာရန် ဖိုးနစ်ငှက်အတွက် သဘာဝက ဖန်ဆင်းပေးခဲ့သည့် မီးလျှံဖြစ်ခဲ့ပေပြီ။ နာဂစ်က ပြင်းထန်သော လှိုင်းလုံးကြီးများနှင့်အတူ သူတို့အတွက် ဘဝအားမာန်များကို ရင်ခွင်ထဲ အရောက်ပို့ဆောင်ပေးသွားခြင်း ဖြစ်သည်ဟု ရှုမြင်တတ်ခဲ့လေပြီ။ အာဂအမျိုးသမီးများပေတကား။

သူတို့တတွေ ကြီးမားသော စိတ်ဓာတ်ခွန်အားများကို အဘယ်သို့ ရယူပိုင်ဆိုင်ခဲ့ကြသည်၊ တစ်ပြည်လုံးသာမက တစ်ကမ္ဘာလုံးရှိ လူကြီးလူငယ် ကျားမ မရွေး တထိတ်တလန့် တုန်လှုပ်ခြောက်ခြားခဲ့ကြရသည့် ပြန်တွေးရုံဖြင့်ပင် နှလုံးနောက်ကျိ ထိတ်လန့်နေရဆဲဖြစ်သည့် ဤနာဂစ်ဆိုသော ဧရာမနတ်ဆိုးကို ယနေ့တော့ သူတို့တတွေ အဘယ်သို့ ရယ်ပွဲဖွဲ့နိုင်ခဲ့ကြသည် ဆိုခြင်းကိုမူ ဆရာမ နှင်းဝေငြိမ်းက လှသောကလောင်ချက်ဖြင့် သွက်သွက်မြူးမြူး တင်ပြထားပါ၏ ။

မည်သို့ဆိုစေ ဤစာကား အနိုင်မခံ ကဗျာကဲ့သို့ပင် ကျွန်တော့်ရင်ကို စွဲငြိမ်စေသော ခွန်းအားရှိသည့် စာဖြစ်လေသည်။ ထို့ထက်ဆိုရပါမူ ကျွန်တော်ဘဝင်မကျဘဲ ကွက်လပ်ဖြစ်နေသည်ဟု ခံစားနေရသည့် ငါ၏

ဦးခေါင်းသည် သွေးသံတို့ဖြင့် ချင်းချင်းနီ၏ ။ သို့သော် ညွှတ်ကားမညွှတ်ဆိုသောစာသား၌ လောကဓံကို ရယ်ပွဲဖွဲ့ အနိုင်ယူခဲ့ကြသည့် အံ့ဖွယ်မိခင်စိတ်ပိုင်ရှင် အားနွဲ့သော အမျိုးသမီးများ၏ ပုံရိပ်က အားရကျေနပ်ဖွယ် ကွက်လပ်ဖြည့်ပေးခဲ့သည်ဟု ကျွန်တော် ဝန်ခံရပါမည်။

သင့်ဘဝအတွက် အားမာန်များ၊ သတ္တိများ၊ အနန္တတန်ခိုးစွမ်းအင်များကို ရရှိစေရန် ဤဖီးနစ်စာအုပ်၌ ပြီးပြည့်စုံအောင် ဖော်ပြထားသည်ဟု ဆိုငြားအံ့၊ မှန် မမှန် ဝေဖန်ဆန်းစစ်ရင်း သင်ဖတ်ကြည့်ပါဘိ။ ပြည့်စုံစွာ ကျေနပ်နှစ်သိမ့်လက်ခံလိမ့်မည်ဟု ကျွန်တော် ရဲရဲကြီး ဆိုဝံ့ပါသည်။ ဤအတွက် ဆရာမ နှင်းဝေငြိမ်းကိုလည်း ကျေးဇူးတင်ပါသည်။

မြန်မာမိခင် ဖီးနစ်ငှက်များ နှစ်ပေါင်းရာချီ၍ မြင့်မြင့်ဝေးဝေး ပျံသန်းနိုင်ကြပါစေကြောင်း ဆန္ဒပြုပါ၏ ။

**မိခင်ဖီးနစ်အားလုံးကို ဦးညွှတ်လျက်....**

**ထက်ခေါင်**

*

အခန်း (၁)

# အရှုံးထဲက အမြတ်များ

ဤ `ဖီးနစ်' အမည်ရှိသော စာစုကို ထုတ်ဝေရခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ လူ့လောကတွင် ရုတ်တရက် ကြုံတွေ့ရသော သဘာဝဘေးဒဏ်ကြောင့် အရှုံးဖြင့် ရင်ဆိုင်နေသော အမျိုးသမီးများနှင့် ၎င်းတို့၏ မိသားစုဝင်တို့မှ တဖန်ပြန်၍ နိုးထလာသည့် ဖြစ်ရပ်မှန်များကို မှတ်တမ်းပြုစုထားခြင်း ဖြစ်ပြီး ထိုအောင်မြင်မှုရလဒ်များကို ဂမ်းသာကြည်နူးစွာဖြင့် မျှဝေလိုခြင်း ဖြစ်ပါသည်။ အရှုံးထဲမှ အမြတ်ရအောင် ကြိုးစားသူတို့၏ ဖြစ်ရပ်မှန်၊ လုပ်ရပ်မျှန်များသည် စာဖတ်သူအတွက် အားမာန်တစ်ခု ဖြစ်စေလျှင် ကျွန်မတို့ စုပေါင်းကြိုးပမ်းမှု အောင်မြင်သည်ဟု ယူဆပါသည်။ ထို့အတွက် ဤစာစု၏ ဖန်တီးရှင်ဖြစ်သော ဆရာမ (ဒေါ်) နှင်းဝေငြိမ်းကို အထူးကျေးဇူးတင်ပါသည်။

UNFPA မှ ရန်ပုံငွေ ပံ့ပိုးပေးသည့် စီမံချက်တစ်ခုဖြစ်သော မျိုးဆက်ပွားပညာများ ပိုမိုနားလည် သိရှိနားလည်ခြင်းဖြင့် အမျိုးသမီးများ ဘဝလုံခြုံရေး၊ ဝင်ငွေရလမ်း တိုးတက်ရေးတို့ကို ရစေရန်ဟု ရည်ရွယ်၍ နာဂစ်မုန်တိုင်းဒဏ်ကို ခံခဲ့ရသော လပွတ္တာမြို့နှင့် ၎င်း၏ ညောင်လိန်ကျေးရွာအုပ်စုတို့တွင် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလတွင် ဤစီမံချက်ကို စတင်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်၊ ဧပြီတွင် ပထမစီမံချက်ကာလ ပြီးဆုံး၍ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလတွင် ဒုတိယအကြိမ် စီမံချက် ပြန်လည်ဝင်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် စီမံချက်သက်တမ်း ပြီးဆုံးမည် ဖြစ်ပါသည်။ စီမံချက်ကာလအတွင်း လုပ်ငန်းစဉ်များကို အဆင့် (၁၀)ဆင့်ဖြင့် လုပ်ကိုင်ခဲ့ပါသည်။

လုပ်ငန်းစဉ်များမှာ -

(၁) နှစ်သိမ့်ပညာပေး ဆွေးနွေးခြင်းဖြင့် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးခြင်း။

(၂) မိသားစုအလိုက် ဆွေးနွေးစေခြင်းဖြင့် အိမ်ထောင်စုတစ်ခု၏ လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်တို့ကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ခွဲခြားဆန်းစစ်၍ အဖြေရှာစေခြင်း။

(၃) အရင်းအနှီးလိုအပ်ပြီး လုပ်ငန်းအတွေ့အကြုံ ရှိသူများအား အတိုးမပါသည့်ရေတို ချေးငွေး ထုတ်ပေးခြင်း၊ လုပ်ငန်းဝင်ငွေပေါ် မူတည်၍ ၎င်းတို့၏ ဆုံးဖြတ်ချက်ဖြင့် အရစ်ကျ ပြန်လည်ဆပ်စေခြင်း။

(၄) အရင်းအနှီး၊ လုပ်ငန်းအတွေ့အကြုံ မရှိသူများကို ဈေးကွက်အခြေခံသည့် အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ပေးခြင်း၊ သင်ကြားတတ်မြောက်ပါက လုပ်ငန်းစတင်နိုင်ရန် အတိုးမဲ့ ချေးငွေ ထုတ်ပေးခြင်း၊ ပြန်လည်ဆပ်စေခြင်း။

(၅) မျိုးဆက်ပွားပညာရပ်များကို အသေးစိတ် သိရှိနားလည်စေရန်၊ အသိပညာ ဖြန့်ဝေခြင်း။ ကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

(၆) အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသည့် ဆုံဆည်းရာ အနေရာများကို အများပိုင် မြေပေါ်တွင် တည်ဆောက်ပေးပြီး စာကြည့်တိုက်များ ထူထောင်ခြင်းအပြင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အသိပညာတိုးပွားရေး၊ ဆွေးနွေးအကြံပြုခြင်းတို့ကို လုပ်ဆောင်နိုင်ရန် စီစဉ်ပေးခြင်း။

(၇) တက်ကြွသည့် ကျေးရွာသူများကို ရွေးချယ်ပြီး ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ `ကျေးရွာရန်ပုံငွေကော်မတီ' ဖွဲ့စည်းပေးပြီး လုပ်ငန်းစွမ်းဆောင်ရည်ကို အခြေခံ၍ ချေးငွေလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်နိုင်ရန်အတွက် ရန်ပုံငွေများကို လွှဲပြောင်း၍ လေ့ကျင့်လုပ်ဆောင်စေခြင်း။

(၈) စိတ်သဘောနှင့် လုပ်ငန်းတူသည့် အမျိုးသမီးများကို အစုဖွဲ့စေ၍ စုပေါင်းစိုက်ပျိုးမှုကို လုပ်စေခြင်းဖြင့် ဝင်ငွေတိုးတက်၍ လူမှုဆက်သွယ်မှုကို

အချင်းချင်းပိုမိုခိုင်မာစေခြင်း။

(၉) အမျိုးသားများနှင့် ကလေးများ၏ အခန်းကဏ္ဍကိုလည်း မိခင်၏ အခန်းကဏ္ဍနှင့် ချိတ်ဆက်၍ မိသားစုအတွင်း ညီမနားလည်သော အုပ်ချုပ်စီမံမှု၊ တာဝန်ယူမှု ရှိစေခြင်း။

(၁၀) ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရပ်ရွာအတွင်း ကြိုတင်ပြင်ဆင်ခြင်း၊ သဘာဝဘေးအတွက် ရန်ပုံငွေကို မ,တည်ပေးခြင်းနှင့် တိုးပွားစေခြင်းတို့ ဖြစ်ပါသည်။

ဤလုပ်ငန်းစဉ်များ လုပ်ဆောင်ပေးခြင်းဖြင့် စီမံချက်မှ အကျိုးသက်ရောက်သူများနှင့် သူတို့ မိသားစုဝင်များ၏ ဘဝအမြင် ပြောင်းလဲလာခြင်း၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာခြင်း၊ အသိပညာ တိုးပွားခြင်း၊ လူနေမှုစနစ် ပိုမိုကောင်းမွန်လာခြင်းနှင့် ရပ်ရွာနေ ပြည်သူအချင်းချင်း ပိုမိုစည်းလုံးလာခြင်းတို့ကို အခြေခံ၍ စီမံချက်မှ လွှဲအပ်သည့် ကျေးရွာရန်ပုံငွေကို ၎င်းတို့ကိုယ်တိုင် အလှည့်ကျစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းထားသော ကျေးရွာရန်ပုံငွေ ကော်မတီမှ စီစဉ်ဆောင်ရွက်နိုင်ကြောင်း ကျွန်မတို့၏ အတွေ့အကြုံများကို မျှဝေခြင်း ဖြစ်ပါသည်။

**လောကီအကြွေးကင်း၍**

**လောကုတ္တရာ အကျိုး ဆောင်ရွက်နိုင်စေရန်**

**ဆုတောင်းမေတ္တာပို့လျက်**

**ကေသီရှိန် (Country Director) နှင့် FXB အဖွဲ့သားများ**

*

ဒီနှစ်နွေက မနှစ်ကလောက် အပူမပြင်းထန်ပါလားလို့ ဂမ်းသာမယ်ကြံတုန်း မိုးသံလေသံက ညာသံမပေးဘဲ အချိန်ကိုက် ရွာလိုက်သည်းလိုက်တာ မတ်လလယ်ကြီး။ လာပြန်ပြီလား… မုန်တိုင်းဆိုပြီး ကျောထဲရင်ထဲ ဖြန်းခနဲ ဖြန်းခနဲ လန့်လာတာ ကောင်းကင်က တိမ်မည်းတွေညို့လာလေ… မိုးတစ်ချိမ်းချိမ်း ရွာလေ လျှပ်စီးတွေ လက်လေ… ``ဘုရား… ဘုရား'' တွင်တွင်တပြီး ``မုန်တိုင်း လာပြန်ပြီထင်တယ်' လို့ ကျွန်မတင်မက လူတိုင်း နှုတ်ဖျားမှာ ကြားနေရတာ ထိတ်လန့်တကြားပါပဲ။ မထိတ်လန့်ပဲနေပ့ါမလား…။ လွန်ခဲ့တဲ့ သုံးနှစ်က နာဂစ်ရဲ့ ရက်စက်ခြိမ်းခြောက်မှုနဲ့ လက်တွေ့မွှေနှောက် ဖျက်ဆီးသွားတဲ့ မုန်တိုင်းရဲ့ ဆိုးကျိုးကို ကျွန်မတို့ ရန်ကုန်တစ်မြို့လုံး လှလှပပကြီး… နာနာကျင်ကျင်ကြီးကို ခံစားခဲ့ရတာ မနေ့က တစ်နေ့က အတိုင်းပဲ မဟုတ်လား…။ ကြောက်စရာ အိပ်မက်ဆိုးက ကျွန်မတို့ လန့်နိုးခဲ့တာ ဘာများကြာသေးလို့လဲ… ဒီကတည်းက လေတစ်ချက် ဝေ့တာနဲ့ ရောက်ရာအရပ်ကနေ ကိုယ့်အိမ်… ကိုယ့်အခန်းမှာ ကိုယ့်မိသားစုနဲ့ မြန်မြန်ဆုံဖို့ ပြေးနေတဲ့ ခြေလှမ်းတွေက ခုထိ မရပ်မနားကြရသေးဘူးလေ….။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ခဲ့ကြပေမယ့် ကြောက်ဆဲ ကြောက်မြဲ ဒီအကြောက်တရားဟာ ဘဝပေါင်းများစွာကို မှောက်မှောက်မှားမှား ခြေမွခဲ့တာမို့ မုန်တိုင်းကြောက်တဲ့မြို့ဟာ ကျွန်မတို့ တစ်မြို့တည်း မဟုတ်တော့ဘဲ… တစ်နိုင်ငံလုံးနီးပါး ဖြစ်နေပါပြီ။ မုန်တိုင်းဆိုတာ ပင်လယ်နဲ့နီးမှ မဟုတ်တော့ဘဲ.. မူးမူးရိုင်းရိုင်း ထင်တိုင်းကြဲတဲ့ အမူးသမားလို…အထက်အညာ မြေလတ်မကျန်… တောင်တန်းတွေဆီလည်း ပြေး… ပင်လယ်ဘေးလည်း မချန်… မြို့ပြအိမ်ရာတွေကိုလည်း လူပ်ခတ်၊ ဒုက္ခအထပ်ထပ် ပေးတာမို့ မုန်တိုင်းလက်ကျန် ရှင်းတမ်းဟာ မပြီးစီးနိုင်သေးပါဘူး။

`နာဂစ်' ဆိုတဲ့ စကားလုံးသစ်ကို ကျွန်မတို့ လက်ခံနားထောင်ခဲ့ရတာ သုံးနှစ်လောက် ရှိသွားပေမယ့် တစ်နေ့တစ်ရက်မှ မေ့လို့မရကြဘူးလို့ ထင်တယ်။

နာဂစ်ညီမျှခြင်း မုန်တိုင်းလို့ မြန်မာပြည်သူတွေက လက်ခံထားလိုက်ပုံပါပဲ။ ဒါဟာ မုန်တိုင်းတစ်ခုရဲ့ အမည်နာမတစ်ခုသာ ဖြစ်တယ်လို့တောင် မသတ်မှတ်တော့ဘဲ ရပ်ကွက်ထဲမှာ လေပြင်းလေး၊ မိုးပြင်းလေး ကျလိုက်တာနဲ့ `နာဂစ်လာပြီဟော့' လို့ အော်ကြဟစ်ကြတော့တာပါပဲ။ ဘယ်လောက်တောင် `နာဂစ်'ကို ထိတ်ကြလန့်ကြသလဲ ဆိုတာကို ပြောပြတာပါ။ အဲဒီ တုန်းက ကျွန်မတို့က ရန်ကုန်မှာနေပြီး နာဂစ်ဒဏ်ကို လှုလှုပပကြီး ခံစားခဲ့ကြပေမယ့် ဧရာဝတီလောက်တော့ မကြေကွဲခဲ့ရပါဘူး။ ဒါတောင် နာဂစ်မုန်တိုင်းကြီး ဖြစ်ပြီး သုံးလေးငါးလအထိ ရန်ကုန်တိုင်းက နယ်မြို့တွေဖြစ်တဲ့ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း ဆိုတဲ့ နေရာဒေသတွေအပြင် ဧရာဝတီက ဒေးဒရဲ၊ သံဖတ်၊ မအူပင်ဘက်တွေဆီ၊ ပင်လယ်ဘက်က သင်္ကန်းကုန်းတို့၊ ဟိုင်းကြီးကျွန်းဘက်၊ ပြင်စလူ၊ အုန်းကျွန်း၊ ဝါးခယ်မ၊ လပွတ္တာဘက်တွေဆီ အနယ်နယ် အရပ်ရပ်က လူထုတွေရဲ့ စေတနာမေတ္တာတရားတွေ ကူညီဖေးမမှုတွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြတာ တစ်ကမ္ဘာလုံး အသိပါ။ ကြောက်ခမန်းလိလိ လူတစ်သိန်းကျော် သေကြေခဲ့ရတဲ့ ဒီနာဂစ်ရဲ့ ရက်စက်မှုအကြောင်း ဘယ်လိုမှတောင် စာလုံး မပေါင်းချင်လောက်အောင် ဝမ်းနည်းကြေကွဲခဲ့ကြရတဲ့ ဖြစ်ရပ်ဆိုးကြီး ဖြစ်ခဲ့တာ သုံးနှစ်မှ ကြာခဲ့ပြီဆိုပါတော့။

အဲဒီ တုန်းကစပြီး ပရဟိတဆိုတဲ့ စကားလုံးဟာ တော်တော်ကြီး မြိန်ရည်ယှက်ရည်နိုင်လောက်အောင် လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားလာပါတယ်။ စိတ်ချင်းစိတ်ချင်း၊ လူသားချင်း လူသားချင်း ရင်းနှီးကျွမ်းဝင် ဖေးမခဲ့ကြတဲ့ အရင်းအနှီးတွေလည်း တော်တော်ကြီးမားခဲ့ပါတယ်။ ရေမျောကမ်းတင်... မိမဲ့ဘမဲ့... ပိုင်ရှင်မဲ့အလောင်းများစွာကို စေတနာနဲ့ သက်စွန့်ကြိုးပမ်း ဆယ်ယူပေးခဲ့ကြဖူးတဲ့ လူငယ်တွေ၊ ရွာတွေကို သွားပြီး ရက်ရှည်လများ ကိုယ့်ထမင်းကိုယ်စားပြီး လဲပြိုသွားတဲ့ဘဝတွေကို စာနာခဲ့ကြတဲ့ ပြည်သူတွေ၊ အဖွဲ့အစည်းအသီးသီးရဲ့ ပံ့ပိုးမှုတွေ၊ နိုင်ငံတော်ရဲ့

စောင့်ကြည့်ဖြည့်ဆည်းပေးမှုတွေဟာ နာဂစ်ကြောင့် ဟက်တက်ကွဲခဲ့ကြတဲ့ ရင်ကွဲနာတေးတွေကို တိုးတိတ်သက်သာစေခဲ့မှာ အမှန်ပါ။ ဒါပေမယ့် ဘယ်အရာမှ အကောင်းပကတိ ပြန်မဖြစ်တော့တာတော့ သေချာပါတယ်။

အက်ကြောင်းထင်ရင်တောင် ဆက်ရာဖုံးလို့ ပကတိ ပြန်မဖြစ်မှာတော့ မြင်ကွင်းဆိုးကြီးကြောင့် အသက်တွေ ပေးခဲ့ကြ... ဘဝတွေ စတေးခဲ့ကြ... အလှတွေ ဝေးခဲ့ရ... ညာတွေ ဆွေးခဲ့ရတဲ့.. နေစရာမဲ့... စားစရာမဲ့.. မိမဲ့... ဖမဲ့... ဆွေမဲ့... မျိုးမဲ့.. ခနမဲ့... မဲ့ပေါင်းများစွာတို့အတွက် နှမ်းတစ်လုံးနဲ့ ဆီမဖြစ်မှန်း သိပေမယ့် နှမ်းစေ့လေးပေါင်းများစွာ စုဝေးပြီး ဆီတစ်စက်လောက်ဖြစ်ချင်ခဲ့တဲ့ စေတနာတရားဟာ လူတိုင်းရင်မှာ ခိုဝင်သွားတာ အမြတ်တရား ဖြစ်သွားပါတယ်။ ကျွန်မရင်ထဲမှာ သိမ်းထားတဲ့... မရှိဘူးလို့ ထင်ခဲ့တဲ့ မွေးရာပါဗီဇတွေ... မွေးရာပါ မျိုးချစ်စိတ်တွေဟာ ဘယ်အချိန်က စီးဆင်းနေမှန်းမသိဘဲ အခုလို အရေးရယ်.. အကြောင်းရယ်ကျမှ မျိုးချစ်စိတ်တွေ ပေါ်လာကြတာလည်း တိုင်းပြည်အတွက် အမြတ်တရား တစ်ခုလို့ ကျွန်မတော့ မြင်ပါတယ်။ ပြီးတော့ လူငယ်တွေရဲ့ သတ္တိနဲ့ ဇွဲတွေ၊ ဘယ်လိုမှ မထင်မှတ်ထားဘဲ ဇာတိပြကြတော့လည်း အင်အားတစ်ရပ်လို့ ခံစားနိုင်ခဲ့ပါတယ်။ ဒါဆို ကျွန်မတို့ `နာဂစ်' ဆိုတဲ့စကားလုံးကို အရမ်းကြီး မုန်းတီးနာကြည်းနေလို့ မဖြစ်ဘူးဆိုတာ လက်ခံမိမှာပါ။ နာဂစ်ကြောင့် မွေးဖွားလာတဲ့၊ ရှင်သန်နိုးကြားခြင်းတွေကိုလည်း ကျွန်မတို့ ယုံကြည်လက်ခံပေးကြလိမ့်မယ် ထင်ပါတယ်။

ကျွန်မတို့ကတော့ မိုးလေဝသ သတင်းတွေအရ ပင်လယ်မှာ လှိုင်းထန်ရင် ရာသီဥတု ဆိုးရွားပြင်းထန်လာရင်ဖြစ်ဖြစ် မုန်တိုင်းလေလားလို့ စိတ်ပူနေတတ်တာ မလျော့ပေမယ့် မုန်တိုင်းကို တွန်းလှန်ဖို့ ဒီရေတောတွေ တိုးချဲ့စိုက်ဖို့၊ သစ်ပင်သစ်တောတွေ မပြုန်းတီးကြဖို့ စေ့ဆော်မှုတွေ၊ ပြင်ဆင်မှုတွေနဲ့ အငိုက်မမိတော့ဖို့ စီစဉ်ထားတတ်ပြီ ဆိုတာကလည်း အရေးအကြီးဆုံး တိုးတက်မှုတွေမို့ ဂမ်းနည်းမှုတွေကို ဒီအတိုင်း လက်ပိုက်မကြည့်ဘဲ၊ ရရာနေရာ

ရရာထောင့်ကနေ ကိုယ့်ဘဝလေးတွေ ပြန်လည်ရှင်သန်ဖို့ ဘယ်လိုများ ကြိုးစားရုန်းကန်ခဲ့ကြတယ် ဆိုတာကို သိချင်စိတ် ပြင်းပြခဲ့ပါတယ်။

*

ခုလည်း မိုးနဲ့ မုန်တိုင်းကြား ဗျာများရတာ က ဂျပန်မှာ မဟာဆူနာမီ ဖြစ်တာကြောင့်လေ…။ ကြောက်မက်ဖွယ် မုန်တိုင်းရဲ့ ရက်စက်မှုဟာ နာဂစ်ပြီး ဂီရိ၊ ဂီရိပြီးတော့ ဂျပန်မှာ မဟာဆူနာမီ…။ ကြားရမြင်ရ မသက်သာတဲ့ အနိဋ္ဌာရုံတွေကို ကြေကြေကွဲကွဲ မြင်ရပြန်ပြီဆိုပြီး အတော်ကြီး စိတ်မချမ်းမသာ ဖြစ်တာနဲ့ တစ်ပြိုင်နက်တည်း… ပြီးခဲ့တဲ့ တစ်ပတ်က မထင်မှတ်ဘဲ ဒေါ်ကေသီရှိန်နဲ့ ဆုံတော့ ဆရာမက ကမ္ဘာ့အမျိုးသမီးများနေ့ Internaltional Women Days (March 8, 2011) ပွဲအကြောင်းပြောရင်း နာဂစ်ရာဇဝင်ကို ပြန်လှစ်ရစ်ဖြစ်ခဲ့သေးတာ သတိရလာပါတယ်။ အဲဒီ နေ့က သူပြောတဲ့စကားထဲမှာ မုန်တိုင်းဒဏ်ကို အလူးအလဲ ခံခဲ့ရတဲ့ ရွာတွေဆီ သူတို့အဖွဲ့ ရောက်တဲ့အကြောင်း… အဲဒီ ရွာတွေက အမျိုးသမီးတွေရဲ့ ပြန်လည်ထူထောင်ရေး လုပ်ပုံလုပ်နည်း တစ်စွန်းတစ်စကို ကျွန်မ ကြားခဲ့ရတာ မို့ပါ။ ရင်ထဲမှာ မုန်တိုင်းရဲ့ ပစ္စုပ္ပန်မှာ ကျွန်မတို့ လှူကြတန်းကြပြီး အရေးပေါ် အကူအညီတွေ နှစ်လသုံးလလောက် လုပ်ပြီးတဲ့နောက်ပိုင်း ကျွန်မတို့ လူမျိုးထုံးစံ သွေးအေးရင် ဘေးကပွဲကြည့်ပရိသတ် ဖြစ်ဖြစ်သွားတတ်တဲ့ ဓလေ့အတိုင်း မုန်တိုင်းပြီးတဲ့နောက်ပိုင်းကာလ ဒီသုံးနှစ်အတွင်း အဲဒီ ဒေသကလူတွေရဲ့ ဘဝအခြေအနေတွေကို ကျွန်မတို့ အလေးထားဖို့ မေ့သွားတာကို အားနာစိတ် ဖြစ်မိလာပါတယ်… အဲဒီ သုံးနှစ်အတွင်းမှာ သူတို့ဘဝတွေ လှလှပပမှ ပြန်ဖြစ်ကြရဲ့လား…။ ဘယ်လိုများ နိုင်ငံတော်က ပံ့ပိုးထောက်ပံ့နေသလဲ…။ ဘယ် NGO တွေကများ ကူညီစောင့်ရှောက်နေသလဲ…။ ဘယ်အစိုးရ မဟုတ်သော အဖွဲ့အစည်းတွေကရော ခုထိပံ့ပိုးကြသေးရဲ့လားတွေ… လား… တွေအများကြီး

ကျွန်မမှာ မေးခွန်းတွေ အစီအရီ ဖြစ်လာပါတယ်။ ဒါကြောင့်လည်း ဆရာမနဲ့ ကျွန်မဆုံမှုဖြစ်မယ်လို့ တွေးမိသွားပါတယ်။ ဆရာမ ဒေါ်ကေသီရှိန်ဆိုတာ လွန်ခဲ့တဲ့ဆယ်စုနှစ်ကတည်းက ခင်မင်ခဲ့ပေမယ့် အခုအချိန်မှာတော့ ဆရာမဟာ အဖွဲ့အစည်းတစ်ခုရဲ့ လူမှုရေးလုပ်ငန်းတွေမှာ အများကြီး လှုပ်ရှားနေတာ ကျွန်မ သိထားပါတယ်။ ဒီဘဝမှာ လက်လျှော့အားပျက်နေမယ့်သူတွေကို ကိုယ့်လုပ်အားနဲ့ ကိုယ့်မိသားစုအတွက် အသက်ရှင် နေထိုင်ရင်း ဘဝကို အရှုံးမပေးဖို့အပြင် ကျန်းမာရေး စောင့်ရှောက်မှုတွေကိုပါ ပေးနေတဲ့အတွက် ချီးကျူးတာကလွဲလို့ ဆရာမလုပ်ငန်းကို ထဲထဲဝင်ဝင် လေ့လာဖို့တောင် ကျွန်မဘက်ကလည်း အချိန်ရှားပါးခဲ့ပါတယ်။ အခုတစ်ခါတော့ဖြင့် ကျွန်မရဲ့ စိတ်ဝင်စားမှုက လှိုင်းတံပိုးတွေအောက်က မိသားစုဘဝတွေရဲ့ အနာဂတ်ကို သိချင်လာတာ အမှန်ပါပဲ…။ ဒီအတွက်လည်း ဆရာမ ဒေါ်ကေသီရှိန်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြီး သူတို့အဖွဲ့က အမျိုးသမီးများအတွက် လပ္ပတ္တာခရိုင် နာဂစ်ဒေသမှာ ပံ့ပိုးကူညီပေးတဲ့ အဖွဲ့ခေါင်းဆောင် မမခင်နဲ့ မိတ်ဆက်ပေးပါတယ်။

မမခင်က တစ်ချိန်က မြန်မာ့အသံရေဒီယို အစီအစဉ်ကနေ ထင်ရှားကျော်ကြားတဲ့ `ဖူးစာလမ်းဆုံ' သီချင်းကို သီဆိုခဲ့တဲ့ အဆိုကောင်းတစ်ယောက်အဖြစ် ကျွန်မထပ်ပြီး သိခဲ့ရပြန်ပါတယ်။ ဪ… ဒါကြောင့်လည်း ဒီအရွယ်မှာတောင် မမခင်အသံက ကရုဏာသံနဲ့ အသံသြဇာ ပြည့်ဝနေတာကိုးလို့ မှတ်ချက်ချမိပြန်ပါတယ်။ မမခင်ကို ကျွန်မ ဘာကစမေးရမလဲလို့ တွေးနေတုန်းမှာပဲ ကျွန်မဘေးကနေ အသံဝဲဝဲနဲ့ စကားပြောနေတဲ့ အမျိုးသမီး (၃)ဦးက ကျွန်မကို အားရပါးရ ပြုံးပြကြပါတယ်။ သူတို့ကရော ဘယ်သူတွေလဲလို့ လှမ်းကြည့်လိုက်တဲ့အချိန်မှာပဲ ဆရာမက `ဒါ… March-8 နေ့ကလုပ်တဲ့ ကမ္ဘာ့အမျိုးသမီးများနေ့ (International Women Days) ပွဲကို တက်ခွင့်ရတဲ့ နာဂစ်ဒေသ အမျိုးသမီးတွေပါ'' ဆိုလာတော့ ကျွန်မစိတ်ဝင်စားမှုက ပိုမြင့်သွားပြီး ``ဟာ… အတော်ပဲ… သူတို့ဆီကပါ ကျွန်မသိချင်တာတွေ

ကြားချင်တယ်… အချိန်ပေးနိုင်မလား'' လို့ ပြောဖြစ်သွားပါတယ်။

``ဆရာမ မေးချင်တာမေးလေ…. သူတို့ ဒီညနေ ငါးနာရီခွဲ သင်္ဘောနဲ့ လပွတ္တာပြန်ကြမှာ… နှစ်နာရီ သုံးနာရီလောက်တော့ အချိန်ရပါတယ်… ကဲ… ညီမတို့ကရော ဘယ်လိုသဘောရလဲ'' လို့ မေးခွန်းတွေ ပြန်ထုတ်ရော… သုံးဦးစလုံးရဲ့ မျက်ဝန်းတွေ ချက်ချင်းအရောင် တောက်သွားပြီး ``ဖြေချင်လွန်းလို့ပါ'' ဆိုတဲ့ အပြုံးတွေနဲ့ ခေါင်းကိုစီ ညိတ်ပြလိုက်တဲ့အတွက်… ဒီစကားဝိုင်းလေးတစ်ခု ကျွန်မတို့ ဖန်တီးဖြစ်သွားပါတယ်….။

*